**ရှမ်းပြည်မြစ်ချောင်းများကွန်ယက်၏ ထုတ်ပြန်ကြေညာချက်**

**မတ်လ ၁၄ ရက် ၂၀၂၃**

## အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများနေ့တွင် သီပေါမြို့ရှိ နမ္မတူမြစ်အတွက် ကျေးရွာအုပ်စု လေးခုမှ ဒေသခံများစုစည်းကာ ဆုတောင်းပွဲပြုလုပ်ခဲ့

အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများနေ့အထိမ်းအမှတ်အဖြစ် ယနေ့တွင်တွင်သီပေါမြို့ရှိ ကျေးရွာအုပ်စု လေးခု မှ ဒေသခံများသည် နမ္မတူမြစ်နံဘေးတွင်စုစည်းခဲ့ကြသည်။

ယနေ့တွင် နမ့်မ၊ နားနွဲ့၊ မောက်တောင်းနှင့် မိုင်းကျစ် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများသည် "မြစ်များ သည် တစ်စုံတစ်ဦးတစ်ဖွဲ့၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် ရောင်းရန်မဟုတ်" "ကမ္ဘာတည် သရွေ့ရှမ်းပြည်ကမြစ်တွေလွတ်လပ်စွာစီးဆင်းနိုင်ပါစေ" အစရှိသည့်ရှမ်းမြန်မာ နှစ်ဘာသာပါရှိသော ဆိုင်း ဘုတ် များ ကိုကိုင်ကာ နမ္မတူမြစ်နံဘေးတွင်စုဝေးခဲ့ကြသည်။

အဆိုပါစုဝေးမှုတွင် အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများနေ့အထိမ်းအမှတ် သမိုင်းကြောင်းနှင့် နမ္မတူမြစ် နှင့် သံလွင်မြစ်အပါအဝင် ရှမ်းပြည်အတွင်းရှိမြစ်များမှပေါ်ကာတာများ၏အကြောင်းတို့ကို ဟောပြော ခဲ့ ကျ ပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၄ရက်နေ့တွင် ရန်ကုန်အခြေစိုက် UNIENGERY Co. Ltd နှင့် ရှမ်းပြည် နယ်အစိုးရတို့သည် နမ္မတူမြစ်ပေါ်တွင် ၂၅ မီဂါဝပ်အားရှိ ရေကာတာတည်ဆောက်ရေးဖြစ်နိုင်ချေကို လေ့ လာ ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂၀၁၉ အောက်တိုဘာတွင် ရေကာတာတည်ဆောက်မှုအတွက်စည်းရုံးရန် လာရောက်သော UNIENERGY ကုမ္ပဏီမှတာဝန်ရှိသူသည် နမ္မဒေသခံများ၏ပိတ်ဆို့တားဆီးခြင်းကိုခံခဲ့ရသည်။

နမ္မဒေသခံပြည်သူများသည် စစ်ကောင်စီနှင့်နီးစပ်ပြီး အာဏာသိမ်းမှုနောက်ပိုင်းတွင် ကျေးရွာ၏ ရေဝေ ရေလဲ ဒေသအထိ ကျောက်မီးသွေးတူးဖော်မှုတိုးချဲ့လာသော မန္တလေးအခြေစိုက် ငွေရည်ပုလဲ ကုမ္ပ ဏီ ၏ ကြီးမားသော ကျောက်မီးသွေးတူးဖော်မှုကြောင့် ထိခိုက်ခံစားနေရဆဲဖြစ်သည်။


**ဆက်သွယ်ရန်**

| | | |
|---|---|---|
| **စိုင်းခေးဟန်** | ရှမ်း၊ မြန်မာ | +95 966-736-474 |
| စိုင်းဇင် | မြန်မာ | +66: 82 868 8482 |
| စိုင်းဟော်ရှန် | အင်္ဂလိပ် | +66: 94-728-6696 |



